ဒေါက်တာဝါဝါမောင်

# နိုင်ငံတစ်ခုအတွက် အရှည်အဝေးရှိသောတိုးတက်မှု နှင့် အခြားဆောင်းပါးများ



အခွင့်အလမ်းစာအုပ် (၂၈)

အခန်း (၁)

# ၂၁ ရာစု သင်ယူနည်း (၈)မျိုး

# (Eight steps of 21 st Century Learning)

၂၁ ရာစုတွင် နိုင်ငံများ၏ စီးပွားရေးနှင့်လူမှုရေး သာယာဝပြောမှုများ ရရှိနိုင်ရန် ယနေ့ မြန်ဆန်စွာ ပြောင်းလဲနေသော ကမ္ဘာကြီးတွင် မိမိနိုင်ငံသား အားလုံး၏ အရည်အသွေးနှင့် စွမ်းရည်ကို မြင့်တင်နိုင်ရန်အတွက် ပညာရေး ဖန်တီးပေးနိုင်မှု စွမ်းရည်အပေါ်များစွာ မူတည်နေပေသည်။ ပညာရေးသည် လူတို့၏ တိုးတက်မှုအတွက် အလွန်အရေးပါသော ကဏ္ဍဖြစ်သည့်အတွက်Heart of Human Progressပင်ဖြစ်သည်။ တီထွင်ဆန်းသစ်မှုရှိသော လူ့အဖွဲ့ စည်း(Innovative society)သည် မိမိလူ့အဖွဲ့အစည်းရှိ လူတိုင်းကို ပြုပြင် ပြောင်းလဲမှု(Change)အား လက်ခံကျင့်သုံးနိုင်ရန် အမြဲတမ်း ပြင်ဆင်ပေးနိုင် ရန် ကြိုးပမ်းရပေမည်။

၂၁ ရာစုပညာရေးသည် ပြောင်းလဲမှုများကို ရင်ဆိုင်နိုင်ရန် အသင့်ဖြစ်ပေါ်စေသော တီထွင်ဖန်တီးမှု ရှိသော လူ့အဖွဲ့အစည်း (innovative society) ဖြစ်စေရန် ဖန်တီးဖို့ လိုအပ်ပေရာ တီထွင်ဆန်းသစ်မှုရှိသော လူ့အဖွဲ့ အစည်း (innovative society)သည် မိမိ လူ့အဖွဲ့အစည်းရှိ လူတိုင်းကို ပြုပြင် ပြောင်းလဲမှု(Change)အား လက်ခံကျင့်သုံးနိုင်ရန် အမြဲတမ်း ပြင်ဆင်ပေးနိုင် ရန် ကြိုးပမ်းရပေမည်။ ကမ္ဘာ့တီထွင်ဆန်းသစ်မှုရှိသော လူ့အဖွဲ့အစည်းကို ဗဟုသုတတြိဂံ(Knowledge triangle)ဖြင့် ရရှိနိုင်ရန် တည်ဆောက်သွားနိုင်ပေသည်။ ထိုဗဟုသုတတြိဂံတွင် ပညာရေး(Education)? သုတေသန(Research)နှင့်တီထွင်ဆန်းသစ်မှု( Innovation)တို့ပါဝင်ပေသည်။ ထို့ကြောင့် လူ(people) စွမ်းရည်( Skill))နှင့် သုတေသန(Research)တို့တွင် အပြည့်အဝ ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း တွေ့ရှိရသည်။ ပညာရေးစနစ် ပိုမိုခေတ်မီလာ စေခြင်းသည် ဗဟုသုတကို အခြေခံသော စီးပွားရေး (Knowledge

Based Economy) ၏ လိုအပ်ချက်များကို ပိုမိုကိုက်ညီစေနိုင်သည်။




အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု(Institutional Development)နှင့် အပြောင်းအလဲများ ( Change)အား မည်သို့စီမံခန့်ခွဲသနည်းဆိုသည်မှာ ဆက်နွယ်မှု ရှိနေပေသည်။ အပြောင်းအလဲစီမံခန့်ခွဲမ(Change Management)ကို ကောင်းစွာ စီမံခန့်ခွဲနိုင်မှသာ အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု(Institutional Development)ဖြစ်သည်။ အပြောင်းအလဲစီမံခန့်ခွဲမှု (Change Management )တွင် စီမံကိန်း(Planning) အကောင်အထည်ဖော်ဆောင်မှု (Implementation) ဆက်သွယ်ဆောင်ရွက်ခြင်း(Communication)? တိုင်းတာ ခြင်း(Measurement)? ပါဝင်ဆောင်ရွက်ခြင်း(Involvement)စသည့် အစီအစဉ် များ ပါဝင်သည်။ အပြောင်းအလဲ (Change)ကို ကောင်းစွာ စီမံခန့်ခွဲနိုင်မှသာ ၂၁ ရာစုတွင် အောင်မြင်နိုင်ပေမည်၊၊Henery Steele Commerger ၏ အဆိုအရ ပြောင်းလဲမှုများပြုလုပ်တိုင်း လည်း တိုးတက်မှု မဖြစ်ပေါ်နိုင်ပါ။ သို့သော် တိုးတက်မှုဖြစ်ပေါ်ရန် ပြောင်းလဲမှု လိုအပ်သည်။ ပညာရေးသည်

ပြောင်းလဲမှုအတွက် မရှိမဖြစ်လိုအပ်လျက် ရှိသည်။ ပညာရေးသည် လိုအင်ဆန္ဒအသစ်များကို ဖြစ်ပေါ်စေကာ ၄င်းတို့ကို လည်း ကျေနပ်နှစ်သိမ့်စေနိုင်သည်။ (Change does not necessarily assure progress, but progress implacably requires change. Education is essential to change, for education creates both new wants and the ability to satisfy them.)

ပြောင်းလဲမှုများသည် လိုလားအပ်သော်လည်း လွယ်လွယ်လေးတော့ မဖြစ်နိုင်ပေ။ ၂၁ရာစု သင်ယူမှုကို အကောင်အထည်ဖော်လုပ်ဆောင်ရန် အတွက် ပြောင်းလဲမှုကို ချောမွေ့စွာ ဖြစ်ပေါ်နိုင်စေရေးအတွက် အကောင်းဆုံး သော နည်းလမ်းများကို ရှာဖွေကြရမည်ဖြစ်သည်။

ပြောင်းလဲမှုကို အဘယ်ကြောင့် လက်မခံနိုင်ကြသနည်း ဟူသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။ ပြောင်းလဲမှုကို လက်မခံရခြင်းမှာ သို့ old stance ကို မစွန့်လွှတ်ချင်သေး၍ ဖြစ်သည်။ အပြောင်းအလဲ တစ်ခုတစ်ခုကို ကြုံတိုင်း အခက်အခဲ၊ အကျပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ အခက် အခဲ၊ အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့တိုင်း လူနှစ်မျိုးနှစ်စားရှိပေ သည်။ ပထမလူတစ်မျိုးသည် အကျပ်အတည်းများကို ပြဿနာဟု သဘော ထားပြီး အနုတ်လက္ခဏာဆောင်သော အဆိုးမြင်စိတ်ဓာတ်ဖြင့် ပြုပြင် ပြောင်းလဲလိုစိတ် မရှိပေ။ ပြောင်းလဲမှုကို လက်မခံနိုင်သော သူများဖြစ်သည်။ ထိုသူများကို ပြုပြင်ပြောင်းလဲမှုကို ငြင်းဆန်သော လူများ ( Reactive person) ဟု ခေါ်ဆိုနိုင်သည်။ ဒုတိယ လူတစ်မျိုးသည် အကျပ်အတည်းများကို စိန်ခေါ်မှုဟုမြင်ပြီး အကောင်းမြင် စိတ်ဓာတ်ဖြင့် ပြောင်းလဲမှုကို ကြိုးစား လက်ခံရင်ဆိုင်မည့် Proactive Person များ ဖြစ်သည်။ ထို့ကြောင့် လောကကို အကောင်းမြင်တတ်ပြီး ပြုပြင်ပြောင်းလဲလိုစိတ်၊ အခက်အခဲ အကျပ်အတည်း များကို ရင်ဆိုင်နိုင်မှုစွမ်းအား အပြည့်အဝရှိသော Proactive Person များ ဖြစ်ရန် လိုအပ်သည်။




Ethel Barrymore ၏ အဆိုအရ သင်သည် တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက် တစ်နှစ် သင်၏ သိရှိလေ့လာသည့် အသိဉာဏ်ပညာHorizon ကို အတတ်နိုင်ဆုံး ဖြန့်ကြက်ပါ။ အရာဝတ္ထုများကို ပိုပြီး ချစ်တတ်လေလေ၊ ပိုပြီး စိတ်ဝင်စားမှုများရှိလေလေ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး အသိပညာပြည့်စုံမှု၊ ပြည့်ဝမှုရှိလေလေပင်ဖြစ်သည်။ ဤအရာများသည် တစ်စုံတစ်ရာဖြစ်လျှင် ကျန်ရစ်ခဲ့သည့် အရာများပင်ဖြစ်သည်။ (You must learn day by day, year by year, to broaden your horizon. The more things you love, the more you are interested in, the more you enjoy, the more you are indignant about. These are you have left when anything happens.) Marian Wright Edelmer

ဖြမင်သွေးမင့်ါအ နိန္နာနမ ၏ အဆိုအရ '' ကျွန်ုပ်တို့သည် မိမိပတ်ဝန်းကျင်ရှိ ပတ်သက်သမျှ အရာအားလုံး၏ ဗဟုသုတများကို ရှာဖွေလို စိတ်မှာ အာသာငမ်းငမ်းရှိနေလှသည်။ ပိုရလေလေ၊ ပိုလိုလေလေပင်ဖြစ်သည်။

ပိုမြင်တတ်လာလေလေ၊ ရှုမြင်နိုင်စွမ်း ပိုရှိလာလေလေဖြစ်သည်။''

( We have a hunger of the mind which asks for knowledge of all round us, and the more we gain, the more is our desire, the more we see, the more we are capable of seeing.) ပညာရေးသည် အခြားသူများ၏ ဘဝကို တိုးတက်လာစေပြီး လူ့အဖွဲ့အစည်းနှင့်ကမ္ဘာကြီးအတွက် မိမိ မြင်တွေ့ သမျှ အခြေအနေထက် ပိုမိုကောင်းမွန်စေသည်။ Education is for improving the lives of others and for leaving you community and world better than you found it)ဟု ဆိုခဲ့သည်။

ယခုအခါတွင် တစ်သက်တာ လေ့လာသင်ယူမှု ( Life Long Learning) ဖြင့် လေ့လာနေရန် လိုအပ်ပေသည်။ John Powell ၏ အဆိုအရ ဘာကိုမှ လေ့လာသင်ယူမှု မပြုခြင်းသည် တကယ့်အမှားပင်ဖြစ်သည်။ (The real mistakes is the one from which we learn nothing)

Richard Baker ၏ အဆိုအရ သင်ယူခြင်းသည် ကျွန်ုပ်တို့သိရှိပြီးသမျှကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။ လုပ်ဆောင်ခြင်းသည် မိမိသိရှိကြောင်းကို သရုပ်ဖော်ပြသခြင်းပင် ဖြစ်သည်။ သင်ကြားခြင်းသည် သင်သိသလို အခြား သူများသိရှိစေရန် သတိပေးနေခြင်းဖြစ်သည်။ သင်တို့အားလုံးသည် တစ်ချိန် တည်း တစ်ပြိုင်တည်းပင် ခေါင်းဆောင်များ၊ လုပ်ဆောင်နေသူများ၊ ဆရာများ သာလျှင် ဖြစ်သည်။(Learning is finding out what we already know. Doing is demonstrating that you know it. Teaching is reminding others that they know just as well as you. You all are leaders, doers and teachers.)

လူနေမှုဘဝတွင် အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင် ပညာရေးနှင့် ဘဝမှာ ချိတ်မိနေရမည်။ လူတို့၏ ဘဝသည် ပြောင်းလဲနေပြီး ပညာရေးမှာ နောက်ကျကျန်နေခဲ့၍ မရသည်ကို တွေ့ရှိရပေသည်။ အမှန်တကယ်မှာ ပညာရေးက ရှေ့ပြေးနေသင့်ပေသည်။ မူလမှ သိရှိပြီး အဟောင်းအမြင်းတွေ ချည်းပဲ သင်နေ၍

မရပါ။ ပညာရေးဟူသော သဘောသည် ရှေ့ပြေး အသိ ပညာများကို ဖွေရှာပြီး လူတို့ကို ရှေ့ဆောင်လမ်းပြနိုင်ရပေမည်။

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးသည် လုပ်အားဈေးကွက်(Labour market)မှ တောင်းဆိုလာသော အသိဉာဏ်ပညာ၊ ကျွမ်းကျင်မှု၊ နည်းပညာတို့ကို ထောက်ပံ့ပေးနိုင်ရန် လိုအပ်ပေသည်။ ၂၁ရာစု သင်ယူမှု( 21st century learning)သည် စာသင်ခန်းထဲတွင် ဆရာ၊ ဆရာမများတွေးခေါ်၊ သင်ကြားမှု များနှင့် ကွာဟလာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဆရာ၊ ဆရာမ များသည် သင်ကြားရေးဟူသော ဝန်ဆောင်မှုလုပ်ငန်းတွင် အဓိကကျသော သွင်းအားစု ( Inputs )ပင်ဖြစ်သည်။ အများအားဖြင့် ထုတ်လုပ်မှုဖြစ်စဉ်များ၏ သဘောတရားအတိုင်း သွင်းအားစု( Inputs )ကောင်းမှသာ ကုန်ထွက်(Output)ကောင်းမွန်နိုင်ပေသည်။ ထို့ကြောင့် သင်ကြားရေးတွင် အဓိကကျသော သွင်းအားစု ( Inputs )ဖြစ်သည့် ဆရာ၊ ဆရာမများသည် အရည်အသွေးနှင့် စိတ်ဓာတ် ပြည့်ဝနေရန် လိုအပ်သည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို ပြဋ္ဌာန်းပေးနိုင်သော အရာများမှာ လူနေမှုကုန်ကျစရိတ်နှင့် ညှိနှိုင်းထားသော လစာလုံလောက်မှုနှင့် အခြားသော မက်လုံးပေးနိုင်မှု၊ အလုပ်အတွက် စိတ် ကျေနပ်မှု(Job Satisfaction)?၊ ၄င်းတို့အတွက် စာအုပ်စာတမ်း၊ အင်တာနက် ရရှိအသုံးပြုနိုင်မှု၊ ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်တက်စေသော ပြည်တွင်းပြည်ပသင်တန်းများတို့ဖြစ်ပေသည်။ ထိုသို့ လုပ်နိုင်ကိုင်နိုင်စွမ်း ရှိသော ဝန်းကျင်ကောင်းတစ်ရပ် (Enabling Environment)ဖန်တီးပေးရန် လိုအပ်သည်။ ထိုဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်စေရန်မှာ အောက်ပါ အချက်များနှင့် ပြည့်စုံသော သင်ယူမှုရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် လိုအပ် ပေသည်။

(၁) ဆက်သွယ်ပြောဆိုနိုင်မှု(Communication)- လူပေါင်းများစွာ ပြောင်းလဲနိုင်စေရေးအတွက် လွတ်လပ်သော၊ ပွင့်လင်းမှုရှိသော၊ လိုက်လျော

ညီထွေဖြစ်သော ဆက်သွယ်ပြောဆိုနိုင်ရေး(Open and consistent communication)မှာ အလွန်အရေးပါပေသည်။ မိမိတို့ လုပ်ငန်းဆောင်တာများတွင် မိမိအဖွဲ့ဝင်များ စိတ်ပါဝင်စားစွာ ပိုမိုပါဝင်လေလေ အရာရာတိုင်း ချောမွေ့စွာ လုပ်ဆောင်နိုင်လေလေ မိမိအောက်လက်ငယ်သားများနှင့်လည်း ဆက်ဆံ ထိတွေ့ကာ လုပ်ငန်းအတွေ့အကြုံကို မျှဝေပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆက်သွယ်ပြောဆိုနိုင်မှုကို လေ့ကျင့်မှုပြုပေးသော၊ အားပေးသော၊ လေ့လာ သင်ယူမှုရှိသော လူ့အဖွဲ့အစည်းမျိုး လိုအပ်လျက်ရှိသည်။

(၂) ပြောင်းလဲမှု ဖြစ်စဉ်ကို သေချာစွာ သဘောပေါက်နားလည်ခြင်း(Understanding the Change Process)- သိနားလည်ခြင်းမရှိဘဲ ပြောင်းလဲမှု အပေါ် အမြင်ကြည်လင်နိုင်မည် မဟုတ်ပေ။ ပြောင်းလဲမှုဖြစ်စဉ်ကို ပိုမို နားလည် သဘောပေါက်လေလေ အသစ်အသစ်သော ပြောင်းလဲမှုများ မည်သည့်အတွက် ပြုလုပ်ရသနည်းကို သဘောပေါက်လေလေ၊ အချိတ် အဆက်မိစွာ လုပ်ကိုင်ဆောင်ရွက်တတ်လေလေဖြစ်သည်။

(၃) ပြောင်းလဲမှု၏ အဟန့်အတားများကို အသိအမှတ်ပြုနိုင်ရန် Recognize Barriers to Change)- ပြောင်းလဲမှုဖြစ်စဉ်တွင် ပြောင်းလဲနိုင်စေ ရန် မိမိကိုယ်မိမိ ပညာပေးရမည်ဖြစ်သည်။ ပြောင်းလဲမှုအတွက် ဟန့်တားစေ နိုင်သည့်အရာများကို သိရှိပြီး တုံ့ပြန်မှုများ ပြုလုပ်နိုင်ပါက ဤပြောင်းလဲမှု ဖြစ်စဉ်တွင် မိမိ၏ အဖွဲ့ဝင်များကို ပိုမိုထိန်းကျောင်းနိုင်ပေလိမ့်မည်။ ရေရှည် အတွက် လုပ်ရကိုင်ရ ပိုမိုလွယ်ကူ အဆင်ပြေလာနိုင်ပေသည်။

(၄) ပန်းတိုင်များ ချမှတ်ရန် ( Set Goals)- မိမိအသင်းအဖွဲ့၊ ဌာနသည် တိကျသော ပန်းတိုင်များ သတ်မှတ်ခြင်းအားဖြင့် အချိန်မီခြင်း၊ အလုပ်၏ အောင်မြင်မှုကို တိုင်းတာနိုင်ပေသည်။ ပန်းတိုင်ချမှတ်ခြင်း၊ ထိုချမှတ်ထားသော ပန်းတိုင်များအား ကောင်းစွာနားလည်စေခြင်းသည် မိမိတို့၏ လုပ်ဆောင် ချက်များကို ကောင်းစွာဖွဲ့စည်းလုပ်ကိုင်မှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ထိုရလဒ် တို့က

တိုက်ရိုက်ချဉ်းကပ်မှုများဖြင့် ပန်းတိုင်သို့ အရောက်တွန်းပို့နိုင်ပေသည်။

(၅) အသင်းလိုက် အလုပ်လုပ်ရန်(Work as a Team) အသင်းအဖွဲ့ လိုက်တက်ညီလက်ညီ အလုပ်လုပ်တတ်ရန် လိုအပ်ပေသည်။ ချမှတ်ထား သောရည်မှန်းချက်ပန်းတိုင်များကို သိရှိနားလည်ရန်လိုအပ်သည်။ သို့မှသာ ထိုချမှတ်ထားသော ပန်းတိုင်များ အောင်မြင်စေရန် ထိရောက်သော အသင်းအဖွဲ့များက ပန်းတိုင်ကို ချဉ်းကပ်မှုများ ရရှိစေခြင်း၊ ဆက်သွယ်ဆောင်ရွက်မှုပြုခြင်း၊ အဖွဲ့ဝင်များအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရရှိခြင်းတို့ဖြစ်ပေါ်စေမည်။ ပူးပေါင်းကာ အတူတကွ လုပ်ကိုင်နိုင်စွမ်းရှိသော အသင်းCohesive team)တစ်ခုအဖြစ် ဖန်တီးခြင်းသည် နည်းပညာများ ဖန်တီးမှုပြုရာ တွင်အထောက်အကူ ဖြစ်စေရုံသာမက လူ့အဖွဲ့အစည်း အသိုင်းအဝန်းနှင့်ပတ်ဝန်းကျင်နှင့် ဆက်ဆံရေး ပြေလည်စွာဖြင့် နေထိုင်နိုင်သောသူများဖြစ်စေနိုင်သည်။

(၆) တာဝန်ယူတတ်မှု(Create Accountability)- - အဖွဲ့ဝင်များအားလုံးတို့သည် မိမိတာဝန် မိမိ သိတတ်စွာဖြင့် တာဝန်ယူတတ်ရမည်။ တာဝန်ကျေပွန်ရမည်။ ရည်မှန်းချက်ပန်းတိုင်ကို ဦးထိပ်ထားပြီး အလုပ်တာဝန်များပြီးမြောက်အောင်မြင်စေရန် အဖွဲ့ဝင်များအားလုံး တစ်ယောက်နှင့်တစ်ယောက်အထောက်အပံ့ပြုနိုင်ရမည် ဖြစ်သည်။

(၇) အကဲဖြတ်ခြင်း(Evaluation) မိမိကိုယ်မိမိကိုသော်လည်းကောင်း၊ မိမိအသင်းကို မိမိသော်လည်းကောင်း အကဲဖြတ်ခြင်းသည် အချိန်တစ်ချိန်နှင့်တစ်ချိန် နှိုင်းယှဉ်၍ တိုးတက်မှု၊ ဆုတ်ယုတ်မှုများနှင့်အတူ အမှားထဲမှပြန်လည်သင်ခန်းစာ ထုတ်ယူခြင်းများ၊ ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပေသည်။ ထိုအလေ့အကျင့်များကို ဖြစ်ပေါ်စေသည့် ပညာရေးစနစ် ဖန်တီးရန် လိုအပ် သည်။

(၈) ပါဝင်ဆင်နွှဲရန်(Celebrate)- နည်းပညာသည် ရပ်နေသည်မရှိ။ အစဉ်အမြဲ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေပေသည်။ ထို့ကြောင့် နည်းပညာ

ပတ်ဝန်းကျင် (Technical environment)မှ မည်သည့်အခါမျှ “graduate” မဖြစ်နိုင်ပေ။ အမြဲလို ဆန်းသစ်တီထွင်မှုများနောက်ဝယ် Upgrade လုပ်နေရန် လိုအပ်ပေသည်။ ၂၁ ရာစု သင်ယူမှုလူ့အဖွဲ့အစည်း (21st Century Learning Environment )တွင် ပါဝင်ဆင်နွှဲနိုင်ရန်မှာ ခရီးလမ်းဆုံးတစ်ခု(Destination) မဟုတ်ဘဲ ရှေ့ဆက်ရမည့် ခရီး( Journey) တစ်ခုသာလျှင် ဖြစ်ပေသည်။

၂၀၀၅ ခုနစ်မှ ၂၀၁၄ ခု နှစ်များအကြား ကုလသမဂ္ဂမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဆယ်စုနှစ် (United Nations Decade of Education for Sustainable Development)ဟူ၍ သတ်မှတ်ထားပေသည်။ UNESCO မှ ဦးဆောင်ပြီး ပညာရေးနှင့်ပတ်သက်၍ ရှုထောင့်ပေါင်းစုံမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစည်းမျဉ်း၊ စည်းကမ်းများ၊ တန်ဖိုးများကို မည်သို့သင်ယူနိုင်သည်ကို ပူးပေါင်းထည့်သွင်း စဉ်းစားနိုင်ရန်ဖြစ်သည်။ ထိုသို့ ပညာရေးနှင့်ပတ်သက်သော အားထုတ်ကြိုးစား မှုများသည် လူတို့၏ အပြုအမူများကို ပြောင်းလဲစေနိုင်သည်။ သယံဇာတ ခွဲဝေမှုတွင် ပိုမိုစီမံခန့်ခွဲနိုင်လာပေမည်။ အမှန်အမှားကို ပိုမိုခွဲခြား တတ်လာ စေသည်။ အဓိကနှင့်သာမညကို ပိုမိုရွေးချယ်တတ်လာစေနိုင်သည်။ အနာဂတ် တွင် ရှင်သန်စေနိုင်မည့် သဘာဝ ပတ်ဝန်းကျင် စီးပွားရေးဆောင်ရွက်မှုများ လူ့အဖွဲ့အစည်းတို့အား အကျိုးပြုစေမည်။

ထို့ပြင် သည်းခံတတ်သော၊ ရင့်ကျက်သော လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေ သည်။ John Mac. Naughtan ၏ အဆိုအရ ရင့်ကျက်မှု မည်သည့်အချိန် တွင် စတင်သနည်းဆိုလျှင် မိမိကိုယ်မိမိထက် သူတစ်ပါးကို စိုးရိမ်ပူပန်ခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း ရှိလာသောအချိန်တွင် စတင်ခြင်းဖြစ်သည်။ (Maturity begins to grow when you can sense your concern to others outweighing your concern for yourself.) ယခုလက်ရှိနှင့် အနာဂတ်တို့၏ မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူ ပြုစေမည်ဖြစ်သည်။ လူတစ်ဦးအတွက် ဘဝ၏ အခက်အခဲများ၊ အဖွဲ့အစည်း တစ်ခုအတွက်

ကျော်လွှားရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်း ရှိလာမည်။ အောင်မြင်မှုများနှင့်အတူ ယုံကြည်မှုများ ပြည့်ဝလာစေနိုင်သည်။

Booker T. Washigton၏ အဆိုအရ လူတစ်ဦးတစ်ယောက်၏ အောင်မြင်မှုကို ထိုသူရောက်ရှိနေသော ဘဝ၏ အဆင့်၊ နေရာဖြင့် မတိုင်းတာ နိုင်ပါ။ ထိုသို့ အောင်မြင်မှုရရှိနိုင်စေရန် ကျော်လွှားခဲ့ရသော ဘဝ၏ အခက် အခဲများနှင့်သာ တိုင်းတာနိုင်ပေသည်။ (Success is to be measured not so much by the position that one had reached in life as by the obstacles which he has overcome while trying to succeed.) အသီးတွေကို ပြောင်းချင်တယ်ဆိုရင် အမြစ်တွေကို အရင်ဦးဆုံး ပြောင်းလဲရပါလိမ့်မည်ဟု အမည်မသိပညာရှင်တစ်ဦးမှ ဆိုခဲ့ဖူးပါသည်။ (If you want to change the fruits, You will first have to change the roots.) အဖွဲ့အစည်း၏ မြင်နိုင် သော အရာတွေ ပြောင်းလဲဖို့ဆိုရင် မမြင်နိုင်သောအရာတွေ ပြောင်းလဲရပါလိမ့် မယ်။(If you want to change the visible, You must first change the invisible.)

*

အခန်း (၂)

# အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့

# (Asia-Pacific Economic Corporation-APEC)

# ၏ အနာဂတ်အလားအလာ

အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ နောက်ခံသမိုင်း

အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်(Asia-Pacific Economic Cooperation-APEC) သို့မဟုတ် အေပက်ကို ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလက ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့တွင် ၁၂ နိုင်ငံဖြင့် စတင်ဖွဲ့စည်း ခဲ့သည်။ အဖွဲ့ဝင်များကို လေ့လာခြင်းအားဖြင့်Australia, Brunei, Canada, Indonesia, Japan, Republic of Korea, Malaysia, Philippines, New Zealand, Singapore, Thailand နှင့် United States တို့သည် ကနဦး အဖွဲ့ဝင်(၁၂)နိုင်ငံရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဟောင်ကောင်၊ ထိုင်ဝမ် အပါ အဝင် တရုတ်နိုင်ငံတို့သည်လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင်Mexico နှင့် Papua New Guinea နိုင်ငံသည်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် Chile နိုင်ငံသည်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင်Peru, Russia, Vietnam တို့ သည်လည်းကောင်း အဖွဲ့ဝင်နိုင်ငံသစ်များအဖြစ် တိုးချဲ့လာနိုင်ခဲ့ပေသည်။ အဖွဲ့ဝင်နိုင်ငံများ အေပက်အဖွဲ့ဝင်အဖြစ် ဝင်ရောက်လာသည့်နေ့စွဲများကို အောက်ပါ ဇယားအရ တွေ့ရှိနိုင်ပေသည်။

APEC Members

| Sr. | Members | Date of Joining |
|---|---|---|
| 1 | Australia | 6-7 Nov 1989 |
| 2 | Brunei Darussalam | 6-7 Nov 1989 |
| 3 | Canada | 6-7 Nov 1989 |
| 4 | Chile | 11-12 Nov 1994 |
| 5 | People's Republic of China | 12-14 Nov 1991 |
| 6 | Hong Kong, China | 12-14 Nov 1991 |
| 7 | Indonesia | 6-7 Nov 1989 |
| 8 | Japan | 6-7 Nov 1989 |
| 9 | Republic of Korea | 6-7 Nov 1989 |
| 10 | Malaysia | 6-7 Nov 1989 |
| 11 | Mexico | 17-19 Nov 1993 |
| 12 | New Zealand | 6-7 Nov 1989 |
| 13 | Papua New Guinea | 17-19 Nov 1993 |
| 14 | Peru | 14-15 Nov 1998 |
| 15 | Philippines | 6-7 Nov 1989 |
| 16 | Russia | 14-15 Nov 1998 |
| 17 | Singapore | 6-7 Nov 1989 |
| 18 | Chinese Taipei | 12-14 Nov 1991 |
| 19 | Thailand | 6-7 Nov 1989 |
| 20 | United States | 6-7 Nov 1989 |
| 21 | Viet Nam | 14-15 Nov 1998 |

ယခုအချိန်တွင် အာရှပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်ပေါင်း ၂၁နိုင်ငံရှိသည်။ အေပက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဆိုင်ရာ တင်ပြချက်များ၊ သော့ချက်ကျသော စီးပွားရေးစာရင်းအင်းများ၊ သတင်း အချက်အလက်များကိုလည်းhttp://www.apec.org website တွင် ထုတ်ပြန် လေ့ရှိသည်။

အေပက်၏ ရည်မှန်းချက်(APEC's Mission Statement)

အေပက်အဖွဲ့အစည်း၏ လုပ်ဆောင်ချက် (Mission Statement)မှာ အာရှပစိဖိတ်စီးပွားရေး ဖိုရမ်ဖြစ်သည်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်မှာ အာရှပစိဖိတ်ဒေသများအတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ဖြစ်ပေါ်စေရန်(To support sustainable economic growth and prosperity in the Asia-Pacific region)တို့ဖြစ်သည်။ အေပက်အဖွဲ့ဝင်အားလုံးတို့သည် ခေတ်မီ၍ ညီညွတ်မှုရှိသော အာရှ၊ ပစိဖိတ် လူ့အဖွဲ့အစည်း ကို ထူထောင်ရန် ကြိုးပမ်းသွားမည်။ ဤသို့ ထူထောင်ရန် ကြိုးပမ်းရာတွင် လွတ်လပ်ပွင့်လင်းမှုရှိသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု ပိုမိုဖြစ်ထွန်းစေရေး၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းမှုများ(Economic and technical cooperation)?၊ လူသားလုံခြုံမှု(Human security)? စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်းကျင်စသည်တို့ဖြစ်ပေါ်စေနိုင်ရေးတို့ကို အဓိကထား၍ ဆောင်ရွက်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ တီထွင်မှုများသည် မူဝါဒပန်းတိုင်များမှ အကျိုးရှိသော ရလဒ်များ ထွက်ပေါ်စေနိုင်ရန် ကြိုးပမ်းသွားမည်ဟု ဆိုသည်။

အေပက်အတွင်းရေးမှူးရုံးအဖွဲ့(APEC Secretariat)

အေပက်အတွင်းရေးမှူးရုံးအဖွဲ့(APEC Secretariat)ကို ၁၉၉၂ ခုနှစ်တွင် အစည်းအဝေးများကျင်းပနိုင်ရေး၊ လုပ်ငန်းအဖွဲ့အစည်းများဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးတို့တွင် အထောက်အကူပြုစေရန် စင်ကာပူနိုင်ငံ၌ ထူထောင်ဖွဲ့စည်းခဲ့သည်။ အေပက်အတွင်းရေးမှူးရုံးအဖွဲ့မှ ယနေ့ အေပက် ၏ အစီအစဉ်များကို ဖွံ့ဖြိုးမှုအထောက်အပံ့ ယန္တရားအဖြစ် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလကတည်းက လည်ပတ်လုပ်ဆောင်ခဲ့ရာ တွဲဖက်လုပ်ဆောင်ခြင်း (Coordination)၊ နည်းပညာနှင့်အကြံပေးမှုများ(Technical and advisory support)တို့အပြင် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် ပြည်သူ့ ဆက်ဆံရေး စသည့်လုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

အေပက်အတွင်းရေးမှူးရုံး၏ အခန်းကဏ္ဍမှာ ပရောဂျက်များအားလုံးကို ဗဟိုပြုကိုင်တွယ်ခြင်း၊ အေပက်အဖွဲ့ဝင်များ၏ စီးပွားရေးကိစ္စရပ်များ၊ အေပက်ဖိုရမ်၊ အေပက်မှရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိ သော ပရောဂျက်ပေါင်း ၂၅၀ ကျော်ကို စီမံခန့်ခွဲလျက်ရှိသည်။ အေပက်၏ နှစ်စဉ်ဘတ်ဂျက်ကိုလည်း အေပက်အတွင်းရေးမှူးရုံးမှပင် ကိုင်တွယ် စီမံခန့်ခွဲလျက်ရှိသည်။ ယခု အေပက်အတွင်းရေးမှူးရုံး၏ ဦးဆောင်ညွှန်ကြားရေးမှူးမှာ စင်ကာပူနိုင်ငံမှ သံအမတ်ကြီး Michael Tayပေ ဖြစ်သည်။ အေပက်၏ ဦးဆောင်ညွှန်ကြားရေးမှူးကို နှစ်စဉ် အိမ်ရှင်နိုင်ငံ၏ သံအမတ်ကြီးအဆင့်ကို ခန့်အပ်တာဝန်ပေးလေ့ရှိသည်။

အေပက်အတွင်းရေးမှူးရုံးအဖွဲ့၏ တည်နေရာနှင့် အသေးစိတ်ဆက်သွယ်ရန်(Location and Contact Details)မှာ အောက်ပါအတိုင်း ဖြစ်သည်။


APEC Secretariat

35 Heng Mui Keng Terrace

Singapore 119616

Telephone: (65)68 919 600

Fax: (65) 68 919 690


နှစ် ၂၀အေပတ်(APEC 20 Years)

၂၀၀၉ ခုနှစ်သည် အေပက်အဖွဲ့အစည်းအတွက် နှစ်(၂၀)ပြည့်ပြီဖြစ်ပါသည်။ ထိုနှစ်ပတ်လည်ကို ဆင်နွှဲသည့်အနေဖြင့် အေပက် အတွင်းရေးမှူးရုံးအဖွဲ့မှ ၂၁ နိုင်ငံလုံးမှ စီးပွားရေး ကျောင်းသူကျောင်းသားများကို ဖိတ်ခေါ်စာစီစာကုံးပြိုင်ပွဲAPEC 20th Anniversary Essay Writing Contest)ကို ပြုလုပ်ခဲ့သည်။

APEC ၏ နှစ်စဉ်အစည်းအဝေးများကို အောက်ပါဇယားအရ နိုင်ငံများတွင် အလှည့်ကျ ပြုလုပ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင်၊ နိုဝင်ဘာလ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ APEC ၏ ၂၁ ကြိမ်မြောက်အစည်းအဝေးကို စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည်။

**Annual meetings of the Asia-Pacific Economic Cooperation**

| | Date | Host member | Location | Photo op fashion | Web site |
|---|---|---|---|---|---|
| 1st | November 6-7, 1989 | Australia | Canberra | | |
| 2nd | July 29-31, 1990 | Singapore | Singapore | | |
| 3rd | November 12-14, 1991 | Republic of Korea | Seoul | | |
| 4th | September 10-11, 1992 | Thailand | Bangkok | | |
| 5th | November 19-20, 1993 | United States | Seattle | | bombardier jackets |
| 6th | November 15, 1994 | Indonesia | Bogor | | batik shirts |
| 7th | November 19, 1995 | Japan | Osaka | | business suits |
| 8th | November 25, | Philippines | Manila and | | barong shirts |

| | | | | | |
|---|---|---|---|---|---|
| | 1996 | | Subic | | |
| 9th | November 24–25, 1997 | Canada | Vancouver | | leather jackets |
| 10th | November 17–18, 1998 | Malaysia | Kuala Lumpur | | batik shirts |
| 11th | September 12–13, 1999 | New Zealand | Auckland | | sailing jackets |
| 12th | November 15–16, 2000 | Brunei Darussalem | Brunei | | Kain Tenunan shirts |
| 13th | October 20–21, 2001 | People's Republic of China | Shanghai | | silk-embroided "Tangzhuang" jackets |
| 14th | October 26–27, 2002 | Mexico | Los Cabos | | guayabera shirts (m); huipiles (f) |
| 15th | October 20–21, 2003 | Thailand | Bangkok | | brocade shirts (m); brocade shawls (f) |
| 16th | November 20–21, 2004 | Chile | Santiago | | chamantos |
| 17th | November 18–19, 2005 | Republic of Korea | Busan | | hanboks |
| 18th | November 18–19, 2006 | Vietnam | Hanoi | | áo dài |
| 19th | September 8–9, 2007 | Australia | Sydney | | Drizabones and Akubra Hats |
| 20th | November 2008 | Peru | Lima | | |
| 21st | November 2009 | Singapore | Singapore | | |
| 22nd | November 2010 | Japan | | | |
| 23rd | November 2011 | United States | | | |
| 24th | November 2012 | Russia | Vladivostok | | |

အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia-Pacific Economic Corporation-APEC)-အေပက်၏ ဒေသဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုတွင် အထောက်အကူပြုပုံAPEC’s contribution to regional economic growth

၂၀၀၇ ခုနှစ်အေပက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးကို စက်တင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့ များတွင် Australia နိုင်ငံSydney မြို့၌ ကျင်းပခဲ့သည်။ အဖွဲ့ဝင်ခေါင်းဆောင် များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဆွေးနွေးချက်များ (WTO Negotiations) အရ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုClimate Change)?၊ စွမ်းအင်လုံခြုံမှုEnergy Security)နှင့် သန့်ရှင်းစွာဖွံ့ဖြိုးမှုClean Development)တို့နှင့် ပတ်သက်သော ကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။

လွတ်လပ်သောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းအားဖြင့် အေပက်၏ အခန်းကဏ္ဍအား ဒေသဆိုင်ရာဖွံ့ဖြိုးမှုတွင် မည်သို့ပါဝင်စေနိုင်ပုံ ကို Ambassador Colin S Heseltine မှ တင်ပြခဲ့သည်။ သို့သော် အဖွဲ့အစည်း သည် ရေရှည်ရပ်တည်မှုနှင့် ဒေသတွင်း ဖွံ့ဖြိုးမှု ပိုမိုဆောင်ရွက်လာနိုင်ရေးကို ပိုမိုဦးစားပေးလာနိုင်ပေသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် စည်းမျဉ်းစည်းကမ်းများ ဖြေလျော့မှု၊ လွပ်လပ်မှုတို့ပြုလုပ်ရာတွင် သမားရိုးကျပြဿနာများအပြင် အခြားပြဿနာများကိုလည်း လွယ်ကူအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ခြင်းများဖြင့် အေပက်၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ခဲ့သည်။ အေပက်သည် ၎င်းစတိုင် နှင့်အုပ်ချုပ်မှု လည်ပတ်ခြင်းပုံသဏ္ဍာန်(own style and mode of operation) ရှိခဲ့သည်။ သို့သော် အောင်မြင်မှုရလဒ်ရရှိစေရန် အေပက်၏ အပြုအမူတို့ကို အချို့သော ဝေဖန်မှုများလည်း ရှိခဲ့သည်။

အေပက်သည် ပစိဖိတ်သမုဒ္ဒရာ နိုင်ငံများအကြား ဒေသဆိုင်ရာ

စီးပွားရေး၊ ပူးပေါင်းမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆွေးနွေးသည့် ဖိုရမ်(Forum)တစ်ခုပင်ဖြစ်သည်။ အေပက်၏ အဖွဲ့ဝင် ၂၁ နိုင်ငံပေါင်းလျှင် ခန့်မှန်းခြေ ကမ္ဘာ့လူဦးရေ၏ ၄၁ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့စုစုပေါင်း ထုတ်ကုန်(world GDP)၏ ၅၆ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၄၉ ရာခိုင်နှုန်းရှိပေသည်။

အေပက်၏ နှစ်ပတ်လည် အစည်းအဝေးများ၊ အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအစည်းအဝေးများကို ကြီးမှူးကျင်းပရန် ဦးဆောင်ပေးနေသည်မှာ အေပက်အတွင်းရေးမှူးရုံး(APEC Secretariat)ပင်ဖြစ်သည်။ အေပက် စီးပွားရေးဝန်ကြီးများ အစည်းအဝေး APEC Economic Leaders' Meeting (AELM)နှစ်ပတ်လည် နိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး( Annual summit)?၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့ကို ကျင်းပလေ့ရှိသည်။ ထိပ်သီးအစည်းအဝေးတွင် ထိုင်ဝမ်မှလွဲ၍ ကျန်နိုင်ငံ၏ ထိပ်သီးခေါင်းဆောင် များ တက်ရောက်ကြသည်။ ထိုင်ဝမ်မှာ ဝန်ကြီးအဆင့် အစည်းအဝေးအထိသာ တက်ရောက်ခွင့်ရရှိသည်။ ထိပ်သီးအစည်းအဝေး၏ ကျင်းပရမည့်နေရာကို နိုင်ငံများအကြား အလှည့်ကျလုပ်ဆောင်စေသည်။ ထိပ်သီးအစည်းအဝေးတွင် လက်ခံကျင်းပရာနိုင်ငံ၏ ရိုးရာကို ထင်ဟပ်စေမည့် ဓာတ်ပုံရိုက်ကူးမှု ပြုလုပ် လေ့ရှိသည်။

အိန္ဒိယနိုင်ငံ၏ အေပက်အဖွဲ့ဝင်ဖြစ်ရန် ကမ်းလှမ်းချက်ကိုလည်း အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့က ကနဦး ကြိုဆိုထောက်ခံခဲ့ ကြသည်။ အိန္ဒိယနိုင်ငံ အဖွဲ့ဝင်ဖြစ်လာရေးအတွက် အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေး နေဆဲဖြစ်သည်။ အနောက်နိုင်ငံများမှ အိန္ဒိယအဖွဲ့ဝင်ဖြစ်လာခဲ့ပါက အေပက် ၏ ပါဝါဘက်ညီမျှမှုသည် အာရှဘက်သို့ တိမ်းစောင်းသွားနိုင်သည်ဟု ဝေဖန် ခဲ့သည်။

အိန္ဒိယအပြင် မွန်ဂိုလီးယား၊ ပါကစ္စတန်၊ လာအို၊ ကမ္ဘောဒီးယား၊ အီကွေဒေါစသည့် နိုင်ငံတို့သည်လည်း ၂၀၀၈ ခုနှစ်တွင် အဖွဲ့ဝင်ဖြစ်ရေး အတွက် ကြိုးပမ်းနေခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၊ ၁၉၉၆ ခုနှစ်များအတွင်း

အဖွဲ့ဝင်သစ်လက်ခံမှုကို ရပ်တန့်ထားခဲ့သည်။ အာရှငွေကြေးအကျပ်အတည်းဖြစ်ချိန် ၁၉၉၇ ခုနှစ်အထိ အဖွဲ့ဝင်သစ်ဝင်ရောက်မှုကို တရားဝင်ရပ်ဆိုင်းခဲ့သည်။ Guan သည်လည်း အေပက်အဖွဲ့တွင် သီးခြားအဖွဲ့ဝင်အဖြစ်ဟောင်ကောင်ကျွန်းအား ဥပမာပေး ညွှန်ပြကာ လျှောက်ထားခွင့်တောင်းသော်လည်း အမေရိကန်မှ ဆန့်ကျင်ခဲ့သည်။ အေပက်သည် ထိုင်ဝမ်ကို ဝင်ခွင့်ပြု နိုင်သည့်အပြည်ပြည်ဆိုင်ရာ အဆင့်အဖွဲ့တစ်ခုပင်ဖြစ်သည်။

အေပက်အောက်တွင် စီးပွားရေးအကြံပြုကောင်စီ (APEC Business Advising Council -ABAC) ရှိပြီး အဖွဲ့ဝင် ၃ နိုင်ငံမှ စီးပွားရေးခေါင်းဆောင် (၃)ဦးအား ကိုယ်စားလှယ်အဖြစ် အမည်ပေးနိုင်သည်။

အေပက်၏ သမိုင်းကျောက်စာတိုင်နှင့် အောင်မြင်မှုအကျိုးရလဒ်များ (APEC’s Milestones, Achievements and Benefits)

အေပက်၏ သမိုင်းမှတ်တိုင်(APEC milestones)များကို လေ့လာရလျှင် အာရှပစိဖိတ်ဒေသသည် ကမ္ဘာ့ပေါ်တွင် စီးပွားရေးအရ ခေတ်အမီဆုံး (Most economically dynamic region in the world)ဖြစ်ပေသည်။ ၁၉၈၉ ခုနှစ်အေပက်စတင် ထူထောင်ပြီးကတည်းက စုစုပေါင်း ကုန်သွယ်မှုမှာ အခြားနိုင်ငံများနှင့် မတူဘဲ ၃၉၅ ရာခိုင်နှုန်း(လေးဆနီးပါး)တိုးတက်လာခဲ့သည်။ အေပက်ဒေသသည် ဝယ်ယူနိုင်မှုစွမ်းအားအခြေခံသောGDP အရ သုံးဆတိုးတက်ခဲ့ပါသည်။

အဓိကကျသော ကျောက်တိုင်တစ်ရပ်မှာ ၁၉၉၄ ခုနှစ်တွင် စိုက်ထူနိုင်ခဲ့သော Bogor Goals ပင်ဖြစ်သည်။ ထိုပန်းတိုင်မှာ အာရှပစိဖိတ်ဒေသတွင် လွှပ်လပ်ပွင့်လင်းမှုရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ ဖြစ်ပေါ်စေရန်အတွက် ၂၀၁၀ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ အားလုံးတွင် ဖြစ်ပေါ်စေရန်နှင့် ၂၀၂၀တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးတွင် ရည်မှန်းချက်ထားပြီး လုပ်ဆောင်ရန်ဖြစ်သည်။

အေပက်သည် လုပ်ဆောင်ချက်မဏ္ဍိုင်သုံးခု(Main pillars of activity) ဖြစ်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခွင့်(Trade and Investment Liberalization) စီးပွားရေးလွယ်ကူချောမွေ့စေရေး(Business Facilitation)နှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းမှု(Economic and Technical Cooperation)တို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဒေသ၏ စီးပွားရေး၊ အလုပ်အကိုင်ဖန်တီးမှု၊ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် နည်းပညာ မြင့်မားရေးတို့ အပါအဝင် ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးမှုကို လွှမ်းခြုံစေပါသည်။ အာရှပစိဖိတ်ဒေသ ကြွယ်ဝချမ်းသာရေးအတွက် လွပ်လပ်သော ကုန်သွယ်ရေး ကို ခေတ်မီစေခြင်း(Advancing Free Trade for Asia Pacific Prosperity) သည် အေပက်၏ ဆောင်ပုဒ်(Motto)တစ်ရပ်ပင်ဖြစ်သည်။

အခြားသော အောင်မြင်မှုများအနေဖြင့် ဒေသ၏ ဦးစားပေးများအဖြစ် အကြမ်းဖက်မှု ဆန့်ကျင်ရေးအတွက် The Shanghai Statement in 2001, and the Counter-Terrorism Task Forceကိုလည်းကောင်း၊ လူသားလုံခြုံမှု (Human security)နှင့်ပတ်သက်၍ Health Working Group ကိုလည်းကောင်း၊ အရေးပေါ်ပြင်ဆင်မှုအတွက် Task Force for Emergency Preparednessကိုလည်းကောင်း၊ ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်လုံခြုံမှုနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် The Sydney Declaration in 2007 တို့သည်လည်း ကောင်း၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကို ရင်ဆိုင်သည့်အနေဖြင့် The Lima Statement in 2008 ကိုလည်းကောင်း အကောင်အထည်ဖော်ဆောင် နိုင်ခဲ့သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခွင့် Trade and Investment Liberalization)နှင့်ပတ်သက်၍

 အေပက်ဒေသအတွင်းတွင် နှစ်စဉ်ကုန်စည် ကုန်သွယ်မှုမှာ ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

 ကျန်ဒေသများနှင့်ကုန်သွယ်မှုမှာလည်း ၈ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

 အေပက်အဖွဲ့ဝင်များအတွင်း နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ပေါင်း ၃၀ ချုပ်ဆိုနိုင်ခဲ့သည်။

 အာရှပစိဖိတ် လွတ်လပ်သော ကုန်သွယ်မှုဧရိယာအတွက် အလားအလာများ၊ ရွေးချယ်မှုများ ပြုလုပ်နိုင်ခဲ့သည်။

 ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ညှိနှိုင်းမှုများကို နှစ်နှစ်ဆယ်အတွင်း ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင် ခဲ့သည်။

စီးပွားရေးလွယ်ကူချောမွေ့စေရေးBusiness Facilitation)နှင့် ပတ်သက်၍

 အေပက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး စီမံကိန်း(အပိုင်း၁) APEC Trade Facilitation Action Plan (TFAP I)အရ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း စီးပွားရေးလုပ်ဆောင်ချက်များလုပ်ဆောင်ရာတွင် ကုန်ကျစရိတ်များကို ၅ ရာခိုင်နှုန်း အနည်းဆုံး ကျဆင်းအောင် လုပ်ဆောင်ပေးခဲ့သည်။

 အေပက်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး စီမံကိန်း(အပိုင်း-၂) APEC Trade Facilitation Action Plan (TFAP II)အရ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း စီးပွားရေးလုပ်ဆောင်ချက်များလုပ်ဆောင်ရာတွင် ကုန်ကျစရိတ်များကို ၅ ရာခိုင်နှုန်း ဆက်လက်ကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။

 ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် စာရွက်စာတမ်းဖြင့် အလုပ်မလုပ်ဘဲ electronic/paperless systems ထူထောင်ခဲ့သည်။

·Single Window Strategic Plan ကို ၂၀၀၇ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ပို့ကုန်သွင်းကုန်ကိစ္စရပ်များနှင့် ပတ်သက်၍ အစိုးရ အေဂျင်စီအဆင့်ဆင့်ကို

တင်ပြရမည့်အစား တစ်ကြိမ်သာ အစိုးရကို တင်ပြရန်လိုအပ်သော စနစ်ကို အကောင်အထည်ဖော်ခဲ့သည်။

· APEC Customs and Trade Facilitation Handbook ကို ထုတ်ဝေ ကာ အကောက်ခွန်နှင့်ပတ်သက်သော one-stop repository of customs and trade facilitation related information ကို ရရှိစေသည်။

· APEC Tariff Database သည်လည်း အကောက်ခွန်၊ အခွင့်အလမ်း များ၊ တားမြစ်မှုများနှင့်အခြားသော သတင်းအချက်အလက်များကို လွယ်ကူစွာ သိရှိစေသည်။

 ၂၀၀၈ Investment Facilitation Action Plan အရ အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် (investment environment)ကို ကောင်းမွန်တိုးတက်စေနိုင်သည်။

· APEC Privacy Framework သည်လည်း အေပက်အဖွဲ့ဝင်များ အတွင်း သတင်းအချက်အလက်များကို လွယ်ကူစွာ သိရှိစေနိုင်သည့်အပြင် e-commerce ကို ဖြစ်ပေါ်စေနိုင်သည်။

·APEC Business Travel Card (ABTC)သည်လည်း စီးပွားရေး လုပ်ငန်းရှင်များ၏ ခရီးသွားလာမှုကို လွယ်ကူချောမွေ့စေပြီး ကုန်ကျစရိတ် သက်သာစေသည်။

 အခြေခံပြုပြင်ပြောင်းလဲမှုများ (Structural Reform agenda)များမှ တစ်ဆင့်ကုန်သွယ်မှုကို ဟန့်တားစေသည့် အချက်များကို ဖယ်ရှားစေပြီး စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်တိုးမြင့်မှု၊ ဈေးကွက်ရရှိမှုတို့ကို ဖြစ်ပေါ်စေသည်။

စီးပွားရေးနှင့်နည်းပညာပူးပေါင်းမှု(Economic and Technical Cooperation)နှင့်ပတ်သက်၍

· APEC’s Economic and Technical Cooperation (ECOTECH)၏ လုပ်ဆောင်ချက်များသည် အေပက်အဖွဲ့ဝင်နိုင်ငံများ၏ တစ်ဦးချင်းIndivi-dual)နှင့် အဖွဲ့အစည်း(Institutions)တို့အား ဒေသတွင်းတွင် ပါဝင်လာနိုင် အောင် လမ်းဖွင့်ပေးခြင်း၊

·APEC Digital Opportunity Centers(ADOC)ကိုလည်း ကွန်ရက် အဖြစ် ချိတ်ဆက်နိုင်ရန်ဖွင့်လှစ်ခဲ့သည်။

 အေပက်အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးမှုအတွက်ICT ကို ကောင်းစွာ အသုံးချနိုင်စေရန် Digital Prosperity Checklist ထားရှိခြင်းစသည်ဖြင့် လုပ်ဆောင်စေခဲ့သည်။

| Key APEC Milestones | | |
|---|---|---|
| 1989 | Canberra, Australia | APEC begins as an informal Ministerial-level dialogue group with 12 members. |
| 1993 | Blake Island, United States | APEC Economic Leaders meet for the first time and outline APEC's vision, "stability, security and prosperity for our peoples." |

| | | |
|---|---|---|
| 1994 | Bogor, Indonesia | APEC sets the Bogor Goals of, "free and open trade and investment in the Asia-Pacific by 2010 for developed economies and 2020 for developing economies." |
| 1995 | Osaka, Japan | APEC adopts the Osaka Action Agenda (OAA) which provides a framework for meeting the Bogor Goals through trade and investment liberalisation, business facilitation and sectoral activities, underpinned by policy dialogues, economic and technical cooperation. |
| 1996 | Manila, The Philippines | The Manila Action Plan for APEC (MAPA) is adopted, outlining the trade and investment liberalisation and facilitation measures to reach the Bogor Goals and the first Collective and Individual Action Plans are compiled, outlining how economies will achieve the free trade goals. |
| 1997 | Vancouver, Canada | APEC endorses a proposal for Early Voluntary Sectoral Liberalization (EVSL) in 15 sectors and decides that Individual Action Plans should be updated annually. |
| 1998 | Kuala Lumpur, Malaysia | APEC agrees on the first nine sectors for EVSL and seeks an EVSL agreement with non-APEC members at the World Trade Organization. |
| 1999 | Auckland, New Zealand | APEC commits to paperless trading by 2005 in developed economies and 2010 in developing economies. APEC Business Travel Card scheme is approved and a Mutual Recognition Arrangement on Electrical Equipment and a Framework for the Integration of Women in APEC is endorsed. |
| 2000 | Bandar Seri Begawan, Brunei Darussalam | APEC establishes an electronic Individual Action Plan (e-IAP) system, providing IAPs online and commits to the Action Plan for the New Economy, which, amongst other objectives, aims to triple Internet access throughout APEC region by 2005. |
| 2001 | Shanghai, People's Republic of China | APEC adopts the Shanghai Accord, which focuses on Broadening the APEC Vision, Clarifying the Roadmap to Bogor and Strengthening the Implementation Mechanism. The e-APEC Strategy is adopted, which sets out an agenda to strengthen market structures and institutions, facilitate infrastructure investment and technology for on-line transactions and promote entrepreneurship and human capacity building. APEC's first Counter-Terrorism Statement is issued. |

| | | |
|---|---|---|
| 2002 | Los Cabos, Mexico | APEC adopts a Trade Facilitation Action Plan, Policies on Trade and the Digital Economy and Transparency Standards. APEC's second Counter-Terrorism Statement is delivered, along with the adoption of the Secure Trade in the APEC Region (STAR) Initiative. |
| 2003 | Bangkok, Thailand | APEC agrees to re-energize the WTO Doha Development Agenda negotiations and stresses the complementary aims of bilateral and regional trade agreements, the Bogor Goals and the multilateral trading system under the WTO. APEC dedicates itself not only to promoting the prosperity of member economies, but also to improving the security of the peoples of the Asia-Pacific region. APEC pledges to take specific actions to dismantle terrorist groups, eliminate the danger of weapons of mass destruction and confront other security threats. Members sign up to the APEC Action Plan on SARS and the Health Security Initiative to further protect personal security. APEC also strengthens its efforts to build knowledge-based economies, promote sound and efficient financial systems and accelerate regional structural reform. |
| 2004 | Santiago, Chile | APEC issues a strong statement of support for progress in the WTO Doha Development Agenda and sets a target date for achieving a breakthrough in negotiations: December 2005, the convening of the Sixth WTO Ministerial Conference. APEC adopts Best Practices for RTAs and FTAs, the Santiago Initiative for Expanded Trade and a Data Privacy Framework. APEC reiterates its "unmistakable resolve" to confront the threat of terrorism, and takes further action in this regard by identifying key elements of effective export control systems; establishing guidelines on the control of man-portable air defense systems (MANPADS), and continuing to implement the STAR initiative. APEC makes a political commitment to fight corruption and ensure transparency, and endorses a specific Course of Action towards this end. |
| 2005 | Busan, Korea | APEC adopts the Busan Roadmap, completes the Mid-Term Stocktake which has found that |

| | | |
|---|---|---|
| | | APEC is well on its way to meeting the Bogor Goals, and the APEC Privacy Framework. Leaders issue a stand-alone statement in support of a successful conclusion to the WTO's 6th Ministerial Meeting in Hong Kong, China and agree to confront pandemic health threats and continue to fight against terrorism which could cause deep economic insecurity for the region. |
| 2006 | Ha Noi, Viet Nam | APEC Economic Leaders endorsed the Ha Noi Action Plan which identifies specific actions and milestones to implement the Bogor Goals and support capacity-building measures to help APEC economies. They also issued a statement on the WTO Doha Development Agenda calling for ambitious and balanced outcomes. To prioritize its agenda, APEC takes a strategic approach to reform working groups and strengthen the Secretariat. |
| 2007 | Sydney, Australia | For the first time, APEC Member Economies issue a Declaration on Climate Change, Energy Security and Clean Development outlining future action in support of a new international climate change arrangement and announcing a forward program of practical, cooperative actions and initiatives. Leaders also adopted a major report on closer Regional Economic Integration, including structural reform initiatives, and welcomed the new APEC Trade Facilitation Action Plan which will reduce trade transaction costs by a further five per cent by 2010. |
| 2008 | Lima, Peru | APEC focused on the social dimensions of trade and on reducing the gap between developing and developed members, in accordance with the 2008 theme, "A New Commitment to Asia-Pacific Development". Leaders also addressed the global financial crisis in the Lima APEC Leaders' Statement on the Global Economy. They committed to take all necessary economic and financial measures to restore stability and growth, to reject protectionism and to intensify efforts to advance WTO Doha Development Agenda negotiations. |

## ၂၀၀၉ ခုနှစ်တွင် APEC ၏ ချဉ်းကပ်မှု(APEC Focus for 2009)

အာရှပစိဖိတ်ဒေသအတွင်း စီးပွားရေးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးအတွက် ၂၀၀၉ ခုနှစ်တွင် APEC၏ ချဉ်းကပ်မှုအရ theme မှာ တိုးတက်မှုများစဉ်တိုက်ဖြစ်ပေါ်ရေး၊ ဒေသများအကြား ဆက်နွှယ်ပေး'Sustaining Growth, Connecting the Region' ဖြစ်သည်။

ကမ္ဘာကြီး၏ စိန်ခေါ်မှုများပြားလှသော စီးပွားရေးပတ်ဝန်းကျင်တွင်APEC 2009 သည် စီးပွားရေးအကျပ်အတည်းမှ ကျော်လွှားနိုင်ရန်၊ စီးပွားရေး အကျပ်အတည်းပြီးဆုံးချိန် (post-crisis world)တွင်လည်း ကမ္ဘာ့စီးပွားရေးနှင့် စဉ်တိုက်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ချဉ်းကပ်မည်ဖြစ်သည်။ ထို့ကြောင့် အဓိက ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ-

 စီးပွားရေးအကျပ်အတည်းမှ ပြန်လည်နာလန်ထူခြင်း(Positioning for Recovery)နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအားလုံး ဖွံ့ဖြိုးမှုအသီးအပွင့်ကို ခံစားစေနိုင်ရန်(Fostering inclusive and sustainable growth)

 အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစနစ် ကောင်းမွန်စေနိုင်သည့် အထောက်အပံ့များSupporting Multilateral Trading Systems)နှင့် ပတ်သက်၍ အကာအကွယ်ပေးမှု(Protectionism)ကို ဖျက်သိမ်းကာ ကုန်သွယ်ရေး ဆွေးနွေးပွဲ(Doha Round of trade talks)ကို အဆုံးသတ်စေပြီး ကမ္ဘာ့ကုန်သွယ်မှုစနစ်ကို အားပေးရန် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု (Regional Economic Integration)အရ ကုန်သွယ်မှုချောမွေ့စေရေး(Facilitating Trade)? စီးပွားရေးလုပ်ငန်းထူထောင်မှု လွယ်ကူစေရေး(Making Doing Business Easier)? Supply Chain များ ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေး၊ စွမ်းဆောင်ရည်ပြည့်ဝစေရေး(Enhancing Supply Chain Connectivity and

efficiency)တို့ကို ဆွေးနွေးခဲ့ကြသည်။

စင်ကာပူနိုင်ငံသည် အေပက်အစည်းအဝေးများကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီမှ နိုဝင်ဘာလအထိ သဘာပတိအဖြစ် လက်ခံကျင်းပခဲ့သည်။ စင်ကာပူနိုင်ငံတွင် the APEC CEO Summit အဖြစ် ကမ္ဘာတစ်ဝန်းမှစီးပွားရေး ထိပ်သီးခေါင်းဆောင်များ(World's top business leaders) ၈၀၀ ကျော်တို့ တက်ရောက်ဆွေးနွေးခဲ့သည်။ စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော ၂၀၀၉ ခုနှစ်တွင် အေပက်အစည်းအဝေးများကို သဘာပတိအဖြစ် လက်ခံ ကျင်းပရာတွင်APEC Leaders Week အဖြစ် နိုဝင်ဘာလ ၈ ရက်မှ ၁၅ ရက်နေ့အကြား သတ်မှတ်ထားရှိပြီး အေပက်ထိပ်သီးဆွေးနွေးပွဲ၊ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး၊ အေပက်ဝန်ကြီးများ အစည်းအဝေး၊ စီးပွားရေး လုပ်ငန်းရှင်များ၏ CEO Summit တို့ကို ကျင်းပခဲ့ကြသည်။

အေပက် CEO Summit တွင် Singapore's Prime Minister Lee Hsien Loong ၏ ပြောကြားချက်များအရBrunei, Chile, New Zealand နှင့်Singapore နိုင်ငံတို့အကြား Trans Pacific Partnership ဟူသည့် လွတ်လပ်သော ကုန်သွယ်မှုဧရိယာဖော်ဆောင်လျက်ရှိရာ United States, Australia, Peru နှင့် Vietnam တို့မှ ပါဝင်လိုကြောင်း အဆိုပြုလာကြောင်း လေ့လာတွေ့ရှိရသည်။ ထိုအခြေအနေများ အမှန်ဖြစ်ပေါ်မည်ဆိုပါက အာရှ၊ ပစိဖိတ်ဒေသ လွတ်လပ်သော ကုန်သွယ်မှုဧရိယာတို့အတွက် လွန်စွာ အထောက်အကူပြုပေမည်။

ကမ္ဘာ့စီးပွားရေးနှင့်ပတ်သက်ပြီး ခေါင်းဆောင်များအားလုံးက စိတ်ချယုံကြည်မှုအပြည့်ရှိလာပြီး ကမ္ဘာ့စီးပွားရေး အကျပ်အတည်း၏ အဆိုးဆုံး အချိန်များသည် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ စီးပွားရေး ပြန်လည်နာလန်ထူစ ပြုလာပြီးဖြစ်၍ အရှိန်ရရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်းအားဖြင့် အလုပ် အကိုင် ဖန်တီးမှုများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်းတို့ကိုလည်း ပြောကြားခဲ့ပါသည်။

ထို့အပြင် အေပက်ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးတွင်လည်း

အမေရိကန် ဝယ်ယူစားသုံးမည့်သူများကို အားကိုးရှာဖွေမနေဘဲ ဝယ်လိုအား ဈာစ်မြစ်အသစ်များကို ရှာဖွေရန် လိုအပ်ကြောင်း၊ အကြောင်းမှာ အမေရိကန် သမ္မတ Obama ၏ မိန့်ခွန်းတွင်လည်း များများစုဆောင်းပြီး နည်းနည်းသာ သုံးမည်(Save more, spend less)ဟု ပါဝင်နေပေသည်။ အမေရိကန်၏ ဝယ်လိုအားကို ပြန်လည်ရရှိရန်မှာ ကြာမြင့်ဦးမည်ဖြစ်သည်။ ထို့ကြောင့် ဘဏ္ဍာရေး အကျပ်အတည်း ပြီးဆုံးချိန်ကာလတွင် ပို့ကုန်တိုးတက်ရေးအတွက် အမေရိကန်၏ ဝယ်လိုအားကို အားမကိုးဘဲ အခြေခံပြုပြင်ပြောင်းလဲမှုများ(Structural reforms)ကို အေပက်အဖွဲ့ဝင်နိုင်ငံများအကြား လုပ်ဆောင်ရမည် ကို သဘောတူညီကြသည်။ ဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက သုံးစွဲမှုPrivate Spending)များများ လိုအပ်ကြောင်း တွေ့ရှိရသည်။ အေပက်ဒေသ၏ ယခု လတ်တလော စိန်ခေါ်မှုများမှာ စီးပွားရေးလုပ်ငန်းစုများ၏ ယုံကြည်မှု ပြန်လည်ထူထောင်ခြင်းRestoring business confidence)? အလုပ်လက်မဲ့ လျော့ကျရေး(Shrinking unemployment levels)? ဘဏ္ဍာရေးကဏ္ဍပြန်လည် ပြင်ဆင်မှု(Repairing the financial sector)? ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာရေးတို့ပင်ဖြစ်သည်။

*

## နိဂုံး

အေပက်အဖွဲ့တွင် အာဆီယံ(၁၀)နိုင်ငံမှ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်စသည့် (၇)နိုင်ငံမှာ အဖွဲ့ဝင်ဖြစ်ပြီးဖြစ်ပါသည်။ ကမ္ဘောဒီးယား၊ မြန်မာနှင့်လာအိုနိုင်ငံများသာ ကျန်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။ အေပက်သည် ကိုယ်ပိုင်နည်း ကိုယ်ပိုင်ဟန်(Own style and mode of operation)တို့ဖြင့် ဖွံ့ဖြိုးမှုကို ရယူနေ သည်ဟုလည်းဆိုသည်။ သမားရိုးကျ ထည့်သွင်းစဉ်းစားရမည့် အချက်များတွင်

အသစ်ပြောင်းလဲဖြစ်ပေါ်လာသော ကိစ္စရပ်များတို့ကို ဖြည့်စွက်စဉ်းစားမှု ပြုခဲ့သည်။ သို့သော် အေပက်၏ ချဉ်းကပ်မှုဖြင့် လက်ရှိဖြစ်ပေါ်နေသော ကိစ္စ ရပ်များ(New emerging issues)တွင် အကျိုးဖြစ်ထွန်းမှုများ တည်ရှိနေသည် ကို လေ့လာတွေ့ရှိနိုင်ပေသည်။ အေပက်သည် လျင်မြန်စွာ ပြောင်းလဲနေသော ကမ္ဘာ့ပတ်ဝန်းကျင်(Rapidly changing global environment)တွင် စိန်ခေါ်မှု များကို အလျင်အမြန်ရင်ဆိုင်နိုင်ရန် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှု(Institutional Development)ကိုလည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အေပက်အတွင်းရေး မှူးရုံးတွင် မကြာခင်က မူဝါဒအထောက်အပံ့ပြုဌာန(Policy Support Unit) ကိုလည်း ထူထောင်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အေပက်အဖွဲ့အစည်း၏ လုပ်ဆောင်ချက်များသည် အာရှ ပစိဖိတ်ဒေသ ၏ ဖွံ့ဖြိုးမှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများကို ဖြစ်ပေါ်စေသည်။ Regional architecture အနေဖြင့် အာဆီယံအပေါင်းသုံး ASEAN Plus Three)နှင့်အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ(East Asia Summit)တို့တွင်လည်း အေပက်၏ အခန်းကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်သည်။ အေပက် အဖွဲ့ဝင်များအား ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကိုသာ ဆွေးနွေး မှုပြုရန် ဖွဲ့စည်းထားခဲ့သော်လည်း ယခုအခါ နိုင်ငံရေးနှင့်ဒေသဆိုင်ရာ၊ ကမ္ဘာ လုံးဆိုင်ရာနှင့် လူသားဖွံ့ဖြိုးမှုဆိုင်ရာ အရေးကိစ္စများကိုပါ ထည့်သွင်းဆွေးနွေး လာသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့်ကမ္ဘာပေါ်တွင် စီးပွားရေး အင်အားကြီးနိုင်ငံများ စုစည်းကာဖွဲ့စည်းထားသည့် အေပက်အဖွဲ့၏ အနာဂတ် အလားအလာမှာ ထွန်းတောက်လျက်ရှိသည်။

*

အခန်း (၃)

# ဂရုတစိုက်နှင့် မျှဝေခံစားမှုရှိသည့် အာဆီယံလူ့အဖွဲ့အစည်း တည်ဆောက်ရန်

## (To Build Caring and Sharing Society of ASEAN)

ဤခေတ်သစ်တွင် မည်သည့်နိုင်ငံမှ တစ်နိုင်ငံတည်း ရပ်တည်၍ မရပေ။ ကမ္ဘာကြီးတွင်Globalization နှင့်Information Technology တို့၏ အရှိန်အဟုန်နှင့်တိုးတက်ဖြစ်ထွန်းလာမှုတို့ကြောင့်လည်းကောင်း၊ နိုင်ငံများအကြား စီးပွားစိုက်ဖောက်ချထုတ်လုပ်မှုများကြောင့်လည်းကောင်း ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှု၊ ကုန်သွယ်မှုစသည်တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့် တစ်ခု အပြန်အလှန်ချိတ်ဆက်မှုအင်အား သိသိသာသာတိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံများအကြားတွင် ဒေသဆိုင်ရာ ပူးပေါင်းမှု (Regional Integration)ဆောင်ရွက်ချက် ဒီဂရီများတိုးမြှင့်လာကြသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ဒေသဆိုင်ရာပူးပေါင်းမှုကို လိုလားအပ်သော မဟာဗျူဟာ(Desirable strategy)တစ်ခုအဖြစ် ရှုမြင်ကာဒေသဆိုင်ရာ ပူးပေါင်းမှုများ ပြုလုပ်ခဲ့ပါသည်။

ဒေသဆိုင်ရာ ပူးပေါင်းမှုများကြောင့် စီးပွားရေး၊ လူမှုရေး၊ နည်းပညာကဏ္ဍများ၌ တိုးတက်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ကာလတိုတွင် မတူညီသည့် အချက်များ တူညီအောင် ညှိနှိုင်းရခြင်းများကြောင့် ခွန်အားစိုက်ထုတ်မှုများ ပြုလုပ်ရသော်လည်း ကာလရှည်တွင်မူ ငွေထက်ပိုမိုသော အကျိုးကျေးဇူးများ ကို ရရှိစေနိုင်သည်။ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကောင်းမွန်မှု၊ နားလည်မှုများ ရယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ အလွန်အရေးကြီးပေသည်။

ယနေ့ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသဆိုင်ရာပူးပေါင်းမှုများကြောင့်

စီးပွားရေး၊ လူမှုရေး တိုးတက်မှုများ ပိုမိုရရှိနေကြပြီဖြစ်သည်။ ထိုသို့ တိုးတက်မှုများ ရရှိနေချိန်တွင် မိမိတို့တစ်နိုင်ငံသာမက မိမိတို့၏ ပတ်ဝန်းကျင်ဒေသ တည်ငြိမ် တိုးတက်ရေးကိုပါ ထည့်သွင်းစဉ်းစားလာကြပြီဖြစ်သည်။ ထို့ကြောင့် ၂၁ရာစု နိုင်ငံများအချင်းချင်း နိုင်ငံရေး၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာဒေသအလိုက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ များ ဖွဲ့စည်းလာကြသည်။ မိမိတို့ဒေသအတွင်း နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု နှင့် စီးပွားရေးတို့ ပိုမိုတိုးတက်လာစေသည့်အပြင် ပြင်ပနိုင်ငံများ၏ ဝင်ရောက် စွက်ဖက်မှုမှ ကာကွယ်ရာလည်းရောက်ပေသည်။ ဤသို့ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများကြောင့် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျင်မြန်လာစေပါသည်။

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံ ရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်အဖြစ်(BALI Concord 11)ကို ချမှတ် နိုင်ခဲ့ပြီဖြစ်ပါသည်။ ၄င်းသည် ပထမ မဏ္ဍိုင်အဖြစ် လုံခြုံရေးအသိုက်အဝန်း (ASEAN Security Community)? ဒုတိယမဏ္ဍိုင်အဖြစ် စီးပွားရေးအသိုက် အဝန်း (ASEAN Economic Community)? တတိယမဏ္ဍိုင်အဖြစ် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း ( (ASEAN Social and Cultural Community) ဟူသော အဓိက မဏ္ဍိုင်ကြီး(Main Pillars of the Asean's future) သုံးရပ် အပေါ်၌ အခြေပြုထားပါသည်။ ငြိမ်းချမ်းရေး(Peace) စီးပွားရေး ဝပြောမှု (Prosperity)?၊ လူထုPeople)ဟူ၍ ပီသုံးလုံး((3 Ps))ဟူ၍ လူသိများပါသည်။ အာဆီယံ လူထုအစည်းအဝေးများ ကျင်းပပေးခြင်း၊ လူမှုအဖွဲ့အစည်းများနှင့် အာဆီယံ ပူးပေါင်းမှုတွင် တာဝန်ယူနေကြသော အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပေးခြင်းတို့သည် (People to people contact)မှတစ်ဆင့် အာဆီယံလူထုအား ပို၍ နီးစပ်စေပြီး

လူမှုရေးနှင့်ယဉ်ကျေးမှု အသိုက်အဝန်း၏ ပူးပေါင်းပါဝင်မှု (Integral part) တစ်ခုပင်ဖြစ်သည်။ အာဆီယံဒေသ၏ အဓိကTheme မှာ '' ဂရုတစိုက်နှင့် မျှဝေခံစားမှုရှိသည့် အာဆီယံလူ့အဖွဲ့အစည်းတွင် လူထု၏ အခန်းကဏ္ဍ''"The Role of the People in Building an ASEAN Community of Caring and Sharing Societies"ကို အလေးထားရန်ပင်ဖြစ်သည်။

ပထမအကြိမ် အာဆီယံ လူထုအစည်းအဝေးကို Indonesiaနိုင်ငံ Batamမြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ် အာဆီယံလူထုအစည်းအဝေး ကို Indonesia နိုင်ငံBali မြို့တွင်လည်းကောင်း၊ တတိယအကြိမ်နှင့် စတုတ္ထ အကြိမ် အာဆီယံ လူထုအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် လည်းကောင်းပြုလုပ်ခဲ့ပါသည်။ အာဆီယံ လူထုအစည်းအဝေးကို ဦးစီး ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ Think tank အဖွဲ့အစည်းများ ပူးပေါင်းကာASEAN Strategic and International Studies -ASEAN ISIS မှ ဦးစီးကျင်းပခဲ့ပါသည်။ ပဥ္စမအကြိမ် (၂၀၀၆ ခုနှစ်)တွင်မူ ASEAN ISIS ကိုယ်စား ဖိလစ်ပိုင်နိုင်ငံInstitute for Strategic and Development Studies(ISDS)မှ ဦးစီးကျင်းပပေးခဲ့သည်။

၂၀၀၄ ခုနှစ်၏ Vientiane Action Plan တွင် အာဆီယံ လူထု အစည်းအဝေးသည် အာဆီယံအစိုးရများ၏ လူထုအခြေပြုမူဝါဒများ ဖွံ့ဖြိုးအောင် ပြုလုပ်ရာတွင် အရေးပါသော အကြံပြုယန္တရားတစ်ခု (Important consultative mechanism for developing more people-oriented policies among ASEAN governments)ဟု အသိအမှတ်ပြုခဲ့ကြသည်။ အာဆီယံ လူထု အစည်းအဝေးနှင့် ASEAN ISIS တို့သည် အာဆီယံသာမန်လူထု (Ordinary people of ASEAN)တို့အကြား ပိုမိုနီးကပ်ဆက်စပ်မှုရှိစေရန်၊ အာဆီယံ သာမန်လူထု၏ ဆန္ဒတို့ကိုလည်း ထုတ်ဖော်ပြောဆိုဖို့ အခွင့်အရေးပေးရန် ည်ရွယ်အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်။ အာဆီယံ စီးပွားရေး

အကြံပေးကောင်စ(Asean Business Advisory Council-ABAC)? အာဆီယံ အမတ်များ အဖွဲ့အစည်း(Asean Parliamentary Organization APO)?၊ အာဆီယံတက္ကသိုလ်များ ကောင်စီ(ASEAN University Network-AUN)တို့နှင့်အတူ အာဆီယံအစိုးရများက ပူးပေါင်းကာ ပံ့ပိုးကူညီရန် ဖြစ်သည်။

၂၀၀၃ ခုနှစ်အာဆီယံ လူထုကြေညာချက် (ASEAN Peoples' Declaration)တွင် ဂရုတစိုက်အပြည့်အဝရှိသော အာဆီယံလူ့အဖွဲ့အစည်း ထူထောင်ရန် အာဆီယံလူငယ်ထုသည် အလွန်အရေးပါကြောင်း၊ အခြေခံ ကျသော စည်းမျည်းစည်းကမ်းများ (Fundamental Principles)များမှာ လူငယ်ထု၏ ပါဝင်ဆောင်ရွက်မှု (Inclusiveness)? ပွင့်လင်းမှု (Openness) သည်းခံမှု (Tolerance)တို့ဖြစ်သည်။ လူငယ်ထုအနေဖြင့် အရာအားလုံးကို မစွမ်းဆောင်နိုင်သေးသော်လည်း Volunteer စိတ်ဓာတ်ဖြင့် ဖျတ်လတ်တက်ကြွ စွာ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့် ဒေသတွင်း လူ့အဖွဲ့အစည်းထူထောင်တည်ဆောက်မှု(Regional Community Building)တို့တွင် ပါဝင်ဆောင်ရွက်မှုမှာ လွန်စွာ အရေးပါပေသည်။ လူငယ်များ၏ အတွေးအခေါ်၊ အတွေ့အကြုံရင့်ကျက်ကာ ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်လာတတ်စေရန် ဦးစားပေး၍ လက်တွဲခေါ်ယူ ရပေမည်။ ဆုံးဖြတ်ချက်ချမှု (Decision Making Process)များတွင်လည်း ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် လိုအပ်ပြီး စွမ်းရည်တည်ဆောက်မှု (Capacity Building)အတွက် လူ့အရင်းအမြစ် ဖွံ့ဖြိုးမှုသင်တန်းများ(Formal and informal training)သည် အလွန်အရေးပါပေသည်။ အာဆီယံ လူငယ်ထု အတွင်း ကွန်ရက်သဖွယ် ချိတ်ဆက်မိနေစေရန် အာဆီယံတက္ကသိုလ်များ ကွန်ရက်f(ASEAN Universities Network)နှင့် လူငယ်ထုတွေ့ဆုံဆွေးနွေးပွဲ များ (ASEAN Youth Conference)များ ပြုလုပ်ကာ ''ဂရုတစိုက်နှင့် မျှဝေ ခံစားမှုရှိသည့် အာဆီယံ လူ့အဖွဲ့အစည်းထူထောင်ရာတွင် လူငယ်ထု၏ ပါဝင် သင့်သည့် အခန်းကဏ္ဍနှင့်

ငှင်းတို့၏ အခန်းကဏ္ဍ မြှင့်တင်ရေးကိစ္စရပ်များ'' မှာလည်း အရေးပါလျက်ရှိပါသည်။

အရှေ့တောင်အာရှဒေသ၏ လူသားဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးနှင့် ဆင်းရဲ မွဲတေမှု(Human Development, Health, and Poverty in Southeast Asia )တို့နှင့်ပတ်သက်၍ လူသားဖွံ့ဖြိုးမှုနှင့် ဆင်းရဲမွဲတေမှုတို့သည် တစ်ခု နှင့်တစ်ခု နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိရာ လူသားဖွံ့ဖြိုးမှု(Human Development)အတွက် ဆင်းရဲမွဲတေမှုလျှော့ကျရေး (poverty reduction)သည်မရှိမဖြစ် လိုအပ်ပေသည်။

စီးပွားရေးတိုးတက်မှု စဉ်ဆက်မပြတ်ရရှိနေသည့်တိုင် ဆင်းရဲမွဲတေမှုကို လျှော့ပါးသွားနိုင်သည်ဟု မဆိုနိုင်ပေ။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူတစ်ဦးချင်း ၏ ဝင်ငွေ၊ အခွင့်အလမ်း၊ လူနေမှုအဆင့်အတန်း ကွာဟမှုများကို ထည့်သွင်း စဉ်းစားရမည် ဖြစ်ပေသည်။ တစ်ဦးကျဝင်ငွေ၊ တစ်ဦးကGDP တို့သည် ပျမ်းမျှ ကိန်းဂဏန်း(Average Figure)သာဖြစ်ပြီး ဆင်းရဲချမ်းသာ ကွာဟမှု၊ ဝင်ငွေ ကွာဟမှုကို ဆန်းစစ်ရန် လောရင့်မျဉ်းကွေး(Lorenz Curve)နှင့် ဂျီနီ မြှောက်ဖော်ကိန်း(Gini Coefficient)စသည့် ညွှန်ကိန်းများဖြင့် နိုင်ငံများအကြား တွင်လည်းကောင်း၊ ဒေသများအကြားတွင်လည်းကောင်း၊ အချိန်အပိုင်းအခြား အားဖြင့်သော်လည်းကောင်း နှိုင်းယှဉ်လေ့လာကြည့်နိုင်ပေသည်။

Globalization ၏ အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားရန် ၂၁-ရာစုနှစ်သို့ ရောက်ရှိလာချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုသစ်ကြေညာချက်(Millennium Declaration)အဖြစ် ဆင်းရဲ၊ ချမ်းသာ သော နိုင်ငံများအားလုံးတို့အတွက် ဆင်းရဲမွဲတေမှု ပပျောက်ခြင်း (Eradication of poverty)လူသားတို့၏ ဂုဏ်သိက္ခာမြှင့်တင်ရေး(Promotion of Human Dignity)အခွင့်အရေးညီမျှမှု(Equality in opportunity)? ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ရရှိအောင်မြင်ရေး (Achieving Peace and Democracy)နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှု(Environmental Sustaina-bility)စသည့် ကဏ္ဍများတွင်

ဖွံ့ဖြိုးမှုပန်းတိုင်များ(Millennium Development Goals-MDGs)အနေဖြင့် ချမှတ်ခဲ့ပြီးဖြစ်ပေသည်။ ၂၀၀၀ ပြည့်နှစ်ကမ္ဘာ့ ကုလသမဂ္ဂညီလာခံမှ အတည်ပြုထားသော ထိုဖွံ့ဖြိုးမှုပန်းတိုင်များကို ကမ္ဘာ့ ခေါင်းဆောင်များအားလုံးက ၂၀၁၅ ခုနှစ်တွင် အားလုံးပြည့်မီစွာ အကောင် အထည် ဖော်သွားမည်ဖြစ်ကြောင်း သဘောတူ အတည်ပြုခဲ့ကြရာ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှု လျော့ကျရေး တို့သည်လည်း MDGs နှင့် ကိုက်ညီအောင်ကြိုးပမ်းနိုင်မှသာလျှင် အာဆီယံ၏ ရည်မှန်းချက် တစ်ရပ်ဖြစ်သော ''ဂရုတစိုက်နှင့် မျှဝေခံစားမှုရှိသည့် အာဆီယံ လူ့အဖွဲ့အစည်း'' ဖြစ်နိုင်ပေလိမ့်မည်။

လူသားအရင်းအနှီး(Human Capital) ဥပမာအားဖြင့် ပညာရေး (Education)?ထုတ်လုပ်နိုင်စွမ်းအားရှိသောလူများ ဖြစ်ပေါ်စေရန် ကျန်းမာရေး စောင့်ရှောက်မှုများ (Health care for productive value of the people)?၊ ကိုင်တွယ်ထိတွေ့နိုင်သည့် အရင်းအနှီး(Physical Capital) (ဥပမာအားဖြင့် လမ်း၊ စက်ကိရိယာ၊ အဆောက်အဦ၊ အိမ်ရာ၊ သန့်ရှင်းမှု (the value of Roads, Machinery, Building, Housing, Sanitary Water)၊ လူမှုရေး အရင်း အနှီး(Social Capital) ဥပမာအားဖြင့် မိသားစု၊ လူမှုအဖွဲ့အစည်း၊ အသိုင်း အဝိုင်း၊ အဖွဲ့အစည်း၊ လူမှုရေးကွန်ရက်များ တည်ဆောက်မှုတို့၏ တန်ဖိုး(the value of families, communities, organizations, Building of networks)စသည်တို့ကို လူတိုင်းအတွက် ရရှိဖြစ်ပေါ်စေနိုင်မှသာလျှင် လူသား ဖွံ့ဖြိုးမှုကို တိုးတက်ကောင်းမွန်စေနိုင်ပေမည်။

Vientiane Action Plan အရ အာဆီယံလူထုအစည်းအဝေးသည် အာဆီယံအစိုးရများ၏ လူထုအခြေပြုမူဝါဒများ ဖွံ့ဖြိုးအောင်ပြုလုပ်ရာတွင် အရေးပါသော အကြံပြုယန္တရားတစ်ခု(Important consultative mechanism for developing more people-oriented policies among ASEAN governments )ဟု အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့်

အာဆီယံသည်(People centered ASEAN)မှတစ်ဆင့် အာဆီယံ အဖွဲ့ဝင်

အစိုးရများကိုလည်း People centered government ဖြစ်စေ လိုကြောင်း၊

စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ခိုင်မာသော စီးပွားရေးစီမံခန့်ခွဲမှုနှင့်စွမ်းဆောင်ရည်ပြည့်ဝသော သယံဇာတခွဲဝေမှု၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့်ပညာရေးအခြေခံ အဆောက်အအုံ မဏ္ဍိုင်၊ နိုင်ငံခြားဈေးကွက်ဝင်ရောက်ရေး၊ အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်မှု (International Competitiveness)ရရှိရေးအတွက် လူသားအရင်းအမြစ်(Human Resource)သည် အရေးပါကြောင်း၊

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု (Peace and Stability)သည် အဓိက အခြေခံများဖြစ်ကြသည်။

အာဆီယံအသင်း၏ ထူးခြားချက်မှာ အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ပထဝီ အနေအထားအရသော်လည်းကောင်း၊ အရွယ်ပမာဏ၊ လူဦးရေအနည်း အများ၊ သယံဇာတ ကြွယ်ဝမှုအရသော်လည်းကောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာရေး၊ အုပ်ချုပ်ရေးစနစ်များအရသော်လည်းကောင်း တူညီမှုမရှိသကဲ့သို့ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင်လည်း ကွာဟမှုများရှိနေခဲ့ပါသည်။ ဤသို့မတူညီမှု ကွာဟမှုများရှိသော်လည်း စည်းလုံးညီညွတ်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်မှာ အာဆီယံ၏ ထူးခြားချက်ဖြစ်သည်။ ဆယ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခု(Ten nations One Community)ဟူသော ယုံကြည်ချက်၊ ခံယူချက်ဖြင့် အရှေ့တောင်အာရှဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရရှိစေရန် သာမက ကမ္ဘာ့ရေးရာများ တွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ပေါင်းစည်းကြခြင်းဖြစ်ပါသည်။

ဒေသတွင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြီးမားသော စီးပွားရေး ဈေးကွက် ပိုင်ဆိုင်မှုများဖြင့် အာဆီယံအဖွဲ့ကြီးသည် အခြားဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်လျှင် အကဲသာလျက်ရှိပါသည်။ သို့ဖြစ်၍ အလား

အလာ ကောင်းမွန်သော အာဆီယံ အဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းများ ပေါ်ထွက်လာခဲ့သည်။ အာဆီယံအဖွဲ့၏ ဆွေးနွေးဖက် နိုင်ငံများအဖြစ် ဥရောပသမဂ္ဂ၊ အမေရိကန်၊ ရုရှား နီးစပ်စွာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ (Closer Economic Relations-Newzeland and Australia)?ကုသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ (အာဆီယံ+၄) ခေါ် အာရှနိုင်ငံများ ဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယစသည်ဖြင့် အာဆီယံ၏ ပူးပေါင်းမှု နယ်နိမိတ်အတိုင်းအတာမှာ တဖြည်းဖြည်းနှင့် ကျယ်ပြန့် လာခဲ့သည်။ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် စီးပွားရေးနှင့် နိုင်ငံရေး

အရှိန်အဝါရရှိပြီး ပြင်ပနိုင်ငံကြီးများမှ အလေးထား ဆက်ဆံလာမှုများကို တွေ့မြင်ရသည်။

အာဆီယံမျှော်မှန်းချက် ၂၀၂၀ ပြည့်နှစ်၏ ရည်မှန်းချက်(၄)ရပ်ဖြစ်သော အရှေ့တောင်အာရှနိုင်ငံများအတွက် စွမ်းရည်မြင့်မားသည့် အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာစေရေး၊ အင်တိုက်အားတိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်မှုတစ်ရပ်ဖြစ်ပေါ်စေရေး၊ ဗြဟ္မစိုရ်တရားများ ထွန်းကား သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းရေး၊ ဒေသပြင်ပဆက်ဆံရေး (External Relation)ကိုလည်း အလေးထားသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်စေရေးတို့ အတွက် အာဆီယံမျှော်မှန်းချက် ခရစ်နှစ် ၂၀၂၀ သည် (၂၁)ရာစု နှစ်ဦးပိုင်း တွင် အာဆီယံနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံအသီးသီးတွင်လည်းကောင်း၊ ဒေသတွင်းတွင်လည်းကောင်း နိုင်ငံရေးအရ ငြိမ်းချမ်းသာယာအောင်လုပ်မည်၊ မည်သို့ တည်ငြိမ်အောင်လုပ်မည်၊ စီးပွားရေးအရ မိမိနိုင်ငံများ၏ ပြည်သူလူထု ဘဝကို မည်သို့မြှင့်တင်မည်၊ မည်သို့ ပူးပေါင်းဆောင်ရွက်မည်၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် မည်သို့ရည်မှန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်တို့ကို ဖော်ပြခဲ့ပါသည်။

ကမ္ဘာ့အခြေအနေပြောင်းလဲမှုအရ သက်ဆိုင်ရာ နိုင်ငံတို့၏ မူဝါဒ၊

ရည်မှန်းချက်၊ ဦးတည်ချက်တို့သည်လည်း လိုက်လျောညီထွေပြောင်းလဲခဲ့သည် နှင့်အညီ ဒေသတွင်းပူးပေါင်း ဆောင်ရွက်နိုင်ရန် အလေးထားဆောင်ရွက်ရာ တွင် ကမ္ဘာနှင့်ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေရန် ခေတ်၏ စိန်ခေါ်မှု ကို ရင်ဆိုင်နိုင်သော၊ ခေတ်ကို ရင်ပေါင်တန်းနိုင်သော၊ ခေတ်နောက်မကျသော အတွေးအခေါ်၊ အယူအဆနှင့်အတူ ဆန်းသစ်တီထွင်နိုင်သည့် ဉာဏ်ပညာ တို့ဖြင့် ယှဉ်သော၊ ဖျတ်လတ်တက်ကြွသော လူ့အရင်းအမြစ်များစွာ လိုအပ် လျက်ရှိပါသည်။

*